# သံလွင်မြစ်ဝှမ်းအတွင်း ဌာနေကရင်တိုင်းရင်းသားတို့၏ တောရိုင်းတိရစ္ဆာန် ပူးပေါင်းထိန်းသိမ်းရေးသံဓိဌာန် ကြေငြာစာတမ်း

## (ဝါကလေထာကြေငြာစာတမ်း)

**နေ့စွဲ - ဇူလိုင် (၇) ရက်၊ ၂၀၂၂ ခုနှစ်**

**နေရာ - သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၊ မူတြော်ခရိုင်၊ တပ်မဟာ (၅)**

သံလွင်မြစ်ဝှမ်းဒေသသည် ရွက်ပြတ်တော၊ ခြောက်သွေ့ရွက်ကြွေတော၊ ထင်းရှူးတော၊ တောင်ထူတော (montane forest)၊ နှင့် တောင်ပေါ်အမြဲစိမ်းတောများ ရောနှောပေါက်ရောက်လျက်ရှိသောဂေဟစနစ်များနှင့် ပြည့်စုံနေသည့်ဒေသ ဖြစ်သည်။ ကမ္ဘာ့အဆင့် စိုးရိမ်မှုအောက်တွင်ရှိနေသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များနေထိုင်ကျက်စားရာဒေသလည်းဖြစ်ပြီး ထိုအထဲတွင် ဒေသတွင်းလူမှုရေး နှင့်ယဉ်ကျေးမှုတို့အရအရေးကြီးသော မျိုးစိတ်များဖြစ်သည့် ကျား၊ တောခွေး (Dhole)၊ ဒေါင်းမင်းစိမ်း၊ တရုတ်သင်းခွေချပ်၊ ပသျှူး/မလေးသင်းခွေချပ်၊ အင်ဒိုချိုင်းနား ကျားသစ်၊ လိပ်ဝါ၊ ပြောင်၊ မျက်ခုံးဖြူမျောက်လွှဲကျော်၊ အောင်လောင်ငှက်၊ နှင့် ဒေါင်းကုလား/ဒေါင်းမင်း စသည့်မျိုးစိတ်များပါဝင်သည်။[1]

ကျွန်ုပ်တို့၏ဘိုးဘွားမြေပေါ်တွင် ဤကဲ့သို့အရေးကြီးသောတောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ယခုအချိန်ထိ လူသားနှင့်အတူယှဉ်တွဲနေထိုင်နိုင်ခြင်းက ကျွန်ုပ်တို့ဌာနေကရင်တိုင်းရင်းသားတို့၏လူမျိုးလက္ခဏာကို အခိုင်အမာသက်သေထူအတည်ပြုပေးနေသလို ကျွန်ုပ်တို့၏ ရိုးရာယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှုတို့ပေါ်အခြေခံသော သဘာဝပတ်ဝန်းကျင်နှင့်ကျွန်ုတို့အကြားရှိနေသည့် နက်ရှိုင်းသော ပတ်သက်ဆက်နွယ်မှုကို ထင်ဟပ်စေသည်။ ဤရိုးရာဓလေ့များက ကျွန်ုပ်တို့၏ သဘာဝအရင်းအမြစ်များကို စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးစေသောနည်းစနစ်များဖြင့် စီမံခန့်ခွဲနိုင်အောင် လမ်းညွှန်ပေးပြီး တစ်ချိန်တည်းတွင် ကျွန်ုပ်တို့၏အိမ်နီးချင်းသဘာဝတောရိုင်းတိရစ္ဆာန်မျိုးစိတ်တို့နှင့်ကျွန်ုပ်တို့ အတူတကွ ငြိမ်းချမ်းစွာရှင်သန်နေထိုင်နိုင်အောင် လမ်းညွှန်ပေးသည်။


---

[1] ကျား (Panthera tigris - EN)၊ ဒေါင်းမင်းစိမ်း (Green Peafowl/Pavo muticus - EN), ၊ တရုတ်သင်းခွေချပ် (Chinese Pangolin/Manis pentadactyla - CR)၊ ပသျှူး/မလေးသင်းခွေချပ် (Sunda Pangolin/Manis javanica - CR)၊ အင်ဒိုချိုင်းနားကျားသစ် (Indochinese Leopard/Panthera pardus ssp. delacouri - CR)၊ ပြောင် (Gaur/Bos gaurus - VU)၊ မျက်ခုံးဖြူမျောက်လွှဲကျော် (Eastern Hoolock Gibbon/Hoolock leuconedys - VU)၊ အောင်လောင်ငှက် (Great Hornbill (Buceros bicornis - VU)၊ နှင့် ဒေါင်းကုလား/ဒေါင်းမင်း (Gray peacock-pheasant/Polyplectron bicalcaratum - LC) တို့ကို ကော်သူးလေသစ်တောဌာန၏ဥပဒေအောက်တွင် ဌာနေကရင်တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းရိုးရာတားမြစ်ချက်များနှင့်အညီ ကာကွယ်ထားသည်။ လိပ်ဝါ (Elongated tortoise/Indotestudo elongate - CR) နှင့် တောခွေး (Dhole/Cuon alpinus -EN) နှစ်မျိုးကိုမူ ကာကွယ်စာရင်းထဲတွင် ထည့်သွင်းရန် အဆိုပြုထားဆဲဖြစ်သည်။













သို့သော် ယနေ့အချိန်အခါတွင်ဖြစ်ပွားနေသည့် နိုင်ငံရေးပဋိပက္ခ၊ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု၊ ကိုဗစ် - ၁၉ ကပ်ရောဂါ၊ နှင့် ကြီးမားသောအသက်မွေးဝမ်းကျောင်းမလုံခြုံမှုများကိုဖြစ်စေသည့် အခြားအကြောင်းအရင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ ဌာနေကရင်အသိအမြင်နှင့်ရိုးရာဓလေ့များမှာ ကျွန်ုပ်တို့ကော်သူးလေနယ်မြေတွင် တစ်ဖြည်းဖြည်း အားနည်းဆုတ်ယုတ်လာခဲ့သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အရှေ့ဘက်ရှိ ရေမြေတောတောင်ဒေသနှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့်မျိုးစိတ်များကို ကာကွယ်သွားရန်အတွက် မူတြော်ခရိုင် ကော်သူးလေသစ်တောဌာန (KFD) က ၎င်း၏မြေပြင်တာဝန်ရှိသူများနှင့်အတူ သစ်တောဥပဒေစီးကြပ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် သံလွင်မြစ်ဝှမ်းဒေသအတွင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း အများပြည်သူလိုက်နာမှုရှိအောင်နှင့် တရားမဝင် သားကောင်ပစ်ခတ်ဖမ်းဆီးခြင်းနှင့်သစ်ထုတ်လုပ်ခြင်းများကို စောင့်ကြည့်တားဆီးရန်အတွက် ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့များကိုလည်း ဖွဲ့စည်းချမှတ်ထားပြီး ဖြစ်သည်။ ဤသည်မှာ မလုံလောက်ပါ။ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့ဌာနေကရင်တိုင်းရင်းသားတို့၏ ဌာနေအသိပညာနှင့်ဓလေ့ရိုးရာအစဉ်အလာများ ပြန်လည်ရှင်သန်အားကောင်းလာအောင်နှင့် ဒေသခံလူထု၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ နှင့် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးက တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပါဝင်လှုပ်ရှားလာအောင် ကျွန်ုပ်တို့လုပ်ဆောင်ရမည် ဖြစ်သည်။

ကျွန်ုပ်တို့၏ရည်မှန်းချက်ပြည့်မြောက်အောင် အတူတကွလုပ်ဆောင်နိုင်ရန်အတွက် မူတြော်ခရိုင်ထဲရှိ ကေအဲန်ယူခရိုင်အုပ်ချုပ်ရေး၊ ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO)၊ နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ (၅) များမှ ကိုယ်စားလှယ်ခေါင်းဆောင်များ၊ ကေအဲန်ယူ သစ်တော၊ လယ်ယာစိုက်ပျိုးရေး၊ သတ္တုတွင်း၊ ပညာရေးနှင့်ယဉ်ကျေးမှု၊ အကောက်အခွန်၊ စသောဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အုပ်ချုပ်ရေးကော်မတီနှင့် လုပ်ငန်းဖေါ်ဆောင်ရေးအဖွဲ့၊ ကရင်အမျိုးသမီးများအဖွဲ့အစည်း (KWO) ၊ ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလှုပ်ရှားမှုကွန်ရက် (KESAN)၊ ကဆောထယ် ကျေးရွာပိုင်ဘုံသစ်တော အသိုင်းအဝန်း၊ လေ့သမား၊ မုဆိုး၊ နှင့် တိုင်းရင်းသားမဟာမိတ်အဖွဲ့၊ စသည့်အဖွဲ့အစည်းနှင့်အသိုင်းအဝန်းတို့မှ ကိုယ်စားလှယ်များနှင့် သံလွင်မြစ်ဝှမ်းဒေသက ကျွန်ုပ်တို့ဌာနေပြည်သူတို့သည် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်မှ ၂၈ ရက်နေ့အထိ မူတြော်ခရိုင်၊ ခေါ်ပူအုပ်စု၊ ဘူးသိုမြို့နယ်အတွင်းရှိ ဝါကလေထာရွာတွင် သမိုင်းဝင်တွေ့ဆုံဆွေးနွေးမှုတစ်ခုကို ပြုလုပ်ခဲ့သည်။ **ကရင်ရိုးရာ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနှင့် ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏အခန်းကဏ္ဍကို မြင့်တင်ခြင်း** ခေါင်းစဉ်ဖြင့်ပြုလုပ်သော ဤတွေ့ဆုံဆွေးနွေးပွဲကို စုစုပေါင်းကိုယ်စားလှယ် ၁၃၅ ဦးတက်ရောက်ခဲ့သည်။

## ***တွေ့ဆုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ***

၁။ သဘာဝအရင်းအမြစ်နှင့်တောရိုင်းတိရစ္ဆာန်များ စဉ်ဆက်မပြတ်ရှင်သန်တိုးပွားအောင် စီမံခန့်ခွဲရာနှင့်ထိန်းသိမ်းရာတွင် အထောက်အကူပေးသည့် ဌာနေကရင်တိုင်းသားတို့၏ ဌာနေအသိပညာ၊ ရိုးရာဓလေ့အစဉ်အလာ၊ ရိုးရာယုံကြည်မှု၊ ရိုးရာတားမြစ်ချက်များနှင့် ၎င်းတို့၏တန်ဘိုးများကို အများပြည်သူပိုမိုသိမြင်နားလည်လာအောင် အသိပညာမြှင့်တင်ရန်၊

၂။ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းတွင် ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏ အခန်းကဏ္ဍကို အများပြည်သူအသိအမှတ်ပြုရန်၊ နှင့်

၃။ ကော်သူးလေသစ်တောဌာနကချမှတ်ထားသော သစ်တောနှင့်တောရိုင်းတိရစ္ဆာန်ဥပဒေများ၊ နှင့် ဌာနေကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့အစဉ်အလာ၊ ရိုးရာအယုံအကြည်၊ နှင့် ရိုးရာယုံကြည်မှုအရတားမြစ်ထားသည့် ရှောင်ရန်ရိုးရာစဉ်းမျဉ်းစည်းကမ်းများ၊ စသည်တို့အား သက်ဆိုင်သူအားလုံးက လက်တွဲပူးပေါင်းပါဝင်လုပ်ဆောင်ရေးကို မြှင့်တင်ရန်၊ စသည်တို့ဖြစ်သည်။

နှစ်ရက်အကြာပြုလုပ်သော ဤတွေ့ဆုံဆွေးနွေးပွဲတွင် (၁) သံလွင်မြစ်ဝှမ်းဒေသ၏သဘာဝဇီဝမျိုးကွဲများအား ထိန်းသိမ်းခြင်း၏ အရေးပါမှု၊ (၂) ယခင်သံလွင်မြစ်ဝှမ်းဒေသတွင်ပြုလုပ်ခဲ့သည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်သုသေသနမှတွေ့ရှိခဲ့သည့် ရလဒ်များ၊ (၃) ဌာနေတိုင်းရင်းသားတို့၏ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းခြင်းပုံစံများကို အနောက်နိုင်ငံ၏ သိပ္ပံအခြေခံထိန်းသိမ်းရေးပုံစံနှင့် နှိုင်းယှဉ်ခြင်း၊ (၄) ကရင်ရိုးရာဓလေ့ထုံးတမ်းတရားစီရင်ရေးစနစ်အပါအဝင် ကော်သူးလေသစ်တောဌာန၏ဥပဒေကိုချိုးဖေါက်ပါက ရရှိနိုင်သည့်ပြစ်ဒဏ်၊ နှင့် (၅) ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏တာဝန်နှင့် ၎င်းတို့၏ သုံးနှစ်တာကာလအတွင်းလှုပ်ရှားမှုများ၊ စသည့်အကြောင်းအရာများကို နှီးနှောဖလှယ်ခဲ့သည်။

## ***ထို့အပြင် နှစ်ရက်တာဆွေးနွေးမှုတွင် အောက်ပါရှေ့လုပ်ငန်းစဉ်များကို သဘောတူခဲ့သည်။***

၁။ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်မြှင့်တင်ရေးအစီအစဉ်နှင့်လှုပ်ရှားမှုကို ပိုမိုလုပ်ဆောင်ခြင်း

၂။ ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏အင်အား တိုးမြှင့်ဖွဲ့စည်းခြင်းနှင့် ၎င်းတို့လုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောစွမ်းရည်မြှင့်တင်ရေးအစီအစဉ်နှင့် ပံ့ပိုးမှုများကို လုပ်ဆောင်ခြင်း

၃။ ကျေးရွာသစ်တောကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့နှင့်စပ်လျဉ်း၍ အကြံပေးရေးကော်မတီဖွဲ့စည်းခြင်း

၄။ အထွတ်အမြတ်ထားရာ ကန့်သတ်နယ်မြေများကို ပြန်လည်အသက်သွင်းခြင်းနှင့် အမဲလိုက်ခွင့်မရှိသည့်နေရာများကို ရှင်းလင်းစွာ သတ်မှတ်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ပွားများနိုင်အောင် ဆောင်ရွက်ခြင်း

၅။ ဓလေ့ထုံးတမ်းအရ တားမြစ်ထားသည့်မျိုးစိတ်များအပါအဝင် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသည့်မျိုးစိတ် (CR)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသည့်မျိုးစိတ် (EN)၊ နှင့် မျိုးသုဉ်းမှုအန္တရာယ်ကျရောက်နိုင်သည့်မျိုးစိတ် (VU)၊ စသည့်မျိုးစိတ်များအား ရှာဖွေပစ်ခတ်







ဖမ်းဆီးခြင်း (သို့မဟုတ်) တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းများကို ထိန်းချုပ်ရန်အတွက် ချမှတ်ထားသောဥပဒေများနှင့်ပြစ်ဒဏ်ပေးခြင်းစနစ်များအတိုင်း ထိရောက်စွာလုပ်ဆောင်ခြင်း

၆။ သံလွင်မြစ်ဝှမ်းဒေသအတွင်း ဆတ် (Sambar Deer) မျိုးစိတ် မျိုးသုဉ်းမသွားစေရန်အလို့ငှာ ရှိသင့်သည့်အရေအတွက်ပမာဏတစ်ခုအထိ ပြန်လည်တိုးပွားလာရန်အတွက် ဆတ်အဖိုနှင့်အမနှစ်မျိုးလုံးအား ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်ခြင်းကို ဆယ့်နှစ်လရာသီ ယာယီပိတ်ပင်ကြောင်း ထုတ်ပြန်ကြေငြာခြင်း

၇။ သံလွင်မြစ်ကို ကူးဖြတ်နေသည့် တောကောင်များ (သို့မဟုတ်) ရွာထဲသို့ဝင်လာသောတောကောင်များအား ဌာနေကရင်တိုင်းရင်းသားတို့၏ ရိုးရာယုံကြည်မှု၊ တားမြစ်ချက်များနှင့်အညီ ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်ခွင့်ပိတ်ပင်ကြောင်း အထူးအမိန့်ထုတ်ပြန်ခြင်း

၈။ သံလွင်မြစ်နှင့် ၎င်း၏မြစ်လက်တက်များ (သို့မဟုတ်) ချောင်းငယ်အားလုံးတွင် လျှပ်စစ် (သို့မဟုတ်) ကျင်စက်ဖြင့် ငါးဖမ်းခြင်းကို ပိတ်ပင်ခြင်း

၉။ ကျဲပါးသွားသောသစ်တောများနှင့် တောရိုင်းတိရစ္ဆာန်ဖြတ်သန်းသွားလာရာလမ်းကြောင်းများတွင် သစ်ပင်များပြန်လည်စိုက်ပျိုးခြင်း

နောက်ဆုံးအနေဖြင့် တွေ့ဆုံဆွေးနွေးပွဲတက်ရောက်ခဲ့သည့် ကျွန်ုပ်တို့အားလုံးသည် တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးနှင့် တောရိုင်းတိရစ္ဆာန်ဥပဒေစည်းနှောင်အားကောင်းလာအောင် ဆောင်ရွက်ရေး၊ ဌာနေကရင်တိုင်းရင်းသားတို့၏ ဌာနေအသိပညာနှင့် ရိုးရာဓလေ့အစဉ်အလာများ အားကောင်းလာအောင်မြှင့်တင်ရေး၊ ကော်သူးလေသစ်တောဌာနကချမှတ်ထားသည့်ဥပဒေများအား လိုက်နာရေး၊ စသည်တို့တွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏အိမ်နီးချင်းမိတ်ဆွေတောရိုင်းတိရစ္ဆာန်တို့သည် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏သံလွင်မြစ်ဝှမ်းဒေသတွင် အတူယှဉ်တွဲနေထိုင်ရှင်သန်ဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်ကြောင်း အပြည့်အဝသဘောတူသံန္နိဋ္ဌာန်ပြုပါသည်။

**ဆက်သွယ်ရန် -**

**၁။ စောဖေါလ်စိန်ထွါး၊ အင်္ဂလိပ်နှင့် ကရင်ဘာသာ - (Signal/ WhatsApp/ Line/ Phone) +66 (0)81 724 7093**

**၂။ စောမူးရှီး၊ မြန်မာဘာသာ - (Line/ Phone) +66 (0)63 602 7103**

